# November 04, 1966

## အမှတ်စဉ် (၁၀)

TIME INTERNATIONAL MAGAZINE
**Vol. 88 No. 19**

## ဦးနု လွှတ်ပြီ

၁၉၄၈ ခုနှစ်တိုင်းပြည်လွတ်လပ်ရေးရပြီးကတည်းက မြန်မာပြည်ဆိုတဲ့ လှေ ကြီးရဲ့ ပဲ့ကို သူတို့နှစ်ယောက်ကပဲ သူတနိုင်ကိုယ်တနိုင် တာဝန်ယူ ကိုင်ခဲ့ကြတာပါ။ သူတို့နှစ်ယောက်က တော့ တယောက်ကခေါင်းပေါင်းစတလူလူနဲ့ နူးညံ့သိမ်မွေ့ပြီး ဘာသာတရား ကိုင်းရှိုင်း တဲ့ မြန်မာပြည်ရဲ့ ဝန်ကြီးချုပ် ဦးနု၊ တစ်ယောက်ကတော့လောကီမှာ မွေ့လျော်နေတတ်တဲ့ မြန်မာစစ်တပ်ရဲ့ အကြီးအကဲဗိုလ်ချုပ်ကြီးနေဝင်းဖြစ်ပါတယ်။




မြန်မာပြည်ရဲ့ ပထမဆုံးသော ဝန်ကြီး ချုပ် ဦးနု ကတော့ မနိုင်ဝန်တွေထမ်းလာနေရပြီလို့ ထင်မြင် လာတာကြောင့် မိမိသဘောနဲ့မိမိပဲ အာဏာကို နေဝင်းနဲ့ သူ့ရဲ့စစ်တပ်ကို ၁၉၅၈ မှာ လွှဲပြောင်းပေးခဲ့ပါတယ်။

နေဝင်းရဲ့ ခပ်ကြမ်းကြမ်းရမ်းရမ်းလုပ်တတ်တဲ့ ပုံစံကြောင့် တိုင်းပြည်နဲ့ အစိုးရကို ၁၇ လအတွင်းမှာတင်၊ စနစ်တကျနဲ့ ပုံမှန်အနေအထားကို ပြန် ရောက်သွားစေနိုင်ခဲ့ပါတယ်။ ပြီးတော့ သိက္ခာရှိရှိပဲ ပြန်လည် ရွေးချယ်တင်မြှောက်ခံရတဲ့ ဦးနုအား အာဏာကို ပြန်လည် အပ်နှံခဲ့ပါတယ်။

အခုတကြိမ်ကျပြန်တော့လည်းဦးနုကတာဝန်တွေဟာသူ့အတွက် လောကီဆန်လွန်းပြီး လူတွေနဲ့ သိတ်ပြီး ဆက်ဆံပါတ်သက် ရလွန်းလို့ ငြီးငွေ့တဲ့သဘောတွေ ပြလာပြန်တဲ့အတွက်၊နေဝင်းက နောက်တဖန် အာဏာပြန်ယူခဲ့ရပြန်ပါတယ်၊ ဒီတခါကတော့ ပြတ်ပြတ်သားသားပဲ အာဏာသိမ်းပွဲဆင်နွှဲပြီး ယူခဲ့တာပါ။ ဦးနုဟာရန်ကုန်နားမှာရှိတဲ့ စစ်တပ်အပန်းဖြေစခန်း ထဲမှာနေထိုင်ခဲ့ရပါတယ်၊ အဲ့သည့်ကတည်းကဗိုလ်ချုပ်ကြီးကတော့ တစ်ကိုယ်တော်ပဲ အမိန့်ဩဇာတွေ ပေးလို့နေခဲ့ပါပြီ။

လွန်ခဲ့တဲ့ အပါတ်ကတော့ ဗိုလ်ချုပ်ကြီးက ဦးနု ရှိတဲ့နေရာကို ဝင်ပြီး သူရဲ့ နိုင်ငံရေးတာဝန်တွေ ဖလှယ်ဖေါ်ဖလှယ်ထက် မိတ်ဆွေဟောင်းကြီးနဲ့ တစ်နာရီ နီးပါးလောက် စကားစမြည် ပြောဆိုခဲ့ပါတယ်။ ဒီနောက်တော့ လူတိုင်းအံ့အားသင့်သွားရလောက်အောင်ဝန်ကြီးချုပ်ဟောင်း ဦးနုကိုလွှတ်ပေးလိုက်ပါတယ်။

အဝိက အကြောင်းကတော့ နေဝင်းအနေနဲ့ လုံခြုံစိတ်ချမှုရှိနေပြီလို့အခိုင်အမာ ယုံကြည်နေတာကတကြောင်း၊ ပြီးတော့ ၅နှစ်နီးပါးလောက် မြင်ကွင်းကပျောက်သွားပြီးနောက်ပိုင်း ဦးနုမှာသူ့မှာရှိနေတဲ့ ထူးခြားတဲ့ နိုင်ငံရေးအရည်အသွေး တွေ လေထဲလွင့်ပျောက်လောက်ပြီလို့ ယူဆထားတာကလည်းတကြောင်းကြောင့်ဖြစ်ပါတယ်။

ဒါပေမယ့် နေဝင်းက နောက်ပိုင်းလုံးဝစိတ်အေးချင်တဲ့သူ ဖြစ်တာကြောင့် ဦးနုကို လွတ်လွတ်လပ်လပ် ဖြစ်နေတဲ့အချိန် အခွင့်အရေး ရ တုံး “ဘုရားဖူးဖို့ပဲ ဖြစ်ဖြစ်” “ဆေးကုသခံဘို့ပဲ ဖြစ်ဖြစ်” ပြည်ပကို ထွက်ပါလား လို့ အာရှတိုက်သားများရဲ့ ထုံးစံအတိုင်းသွယ် သွယ်ဝိုက်ဝိုက်နဲ့ အကြံပေးခဲ့ပါတယ်။